Perth Children's Hospital

Health Facts

# Sepsis (မန်းတက်ခြင်းရောဂါဖြစ်ပြီး နောက်ပိုင်း)

## မန်းတက်ခြင်းရောဂါ - ဆိုတာဘာလဲ?

ဆက်(ပ်)ဆီ(စ်)မန်းတက်ခြင်းဆိုသည်မှာ သွေးထဲတွင်လှည့်ပတ်နေသော ဘက်တီးရီးယားကြောင့် ကိုယ်ခန္ဓာတွင် အေးစိမ့်၍ အဖျားဝင်လာသော တုံ့ပြန်မှုကို ဆိုလိုသည်။ မိမိ၌ရရှိပြီးသားရောဂါပိုးကိုပြန်လည် ၍ကိုယ်ခန္ဓာမှတုံ့ပြန်မှုဖြစ်သည်။ ခန္ဓာကိုယ်ကရောဂါပိုးတွေကိုတိုက်ထုတ်ပေမဲ့ သူ့အလိုလိုတိုက်ခိုက်လာတဲ့ အခါထစ်ရှူး တွေပျက်စီးပြီးကိုယ်တွင်းအင်္ဂါတွေ ချို့ယွင်းလာမှုများဖြစ်တတ်ပါသည်။ အရေးပေါ်ကုသရန်လိုအပ်ပြီး၊ အသက်အန္တရာယ်ရှိသောအရေးပေါ် အခြေအနေဖြစ်ပါသည်။

ဆက်(ပ်)ဆီ(စ်)မန်းတက်ရောဂါနှင့်ပါက်သက်၍အသေးစိတ်သိရှိလိုပါက အပေါ်က **QR code ကို ဖုန်းဖြင့် ဖတ်ပါ**။ သို့မဟုတ် အထက်ကစာကြောင်းကိုဖွင့်ကြည့်ရန်။[https://pch.health.wa.gov.au/For-patients-and-visitors/Sepsis](https://pch.health.wa.gov.au/For-patients-and-visitors/Sepsis)

## သင့်၏ရင်သွေးကလေး ဆက်(ပ်)ဆီ(စ်)မန်းတက်ရောဂါရှိကြောင်း သိရှိပြီးနောက်

ဆက်(ပ်)ဆီ(စ်) မန်းတက်ရောဂါ ခံစားရသူတိုင်းမတူညီသောသက်ရောက်မှုရှိတတ်သည်။ ကလေးနှင့်မိသားစုသည် ဆေးရုံမှဆင်းခွင့်ရပြီးတဲ့နောက်တွင်လည်းကူညီထောက်ပံ့မှုများအချို့လိုအပ်နေနိုင်မည်ဖြစ်သည်- ၄င်းတို့မှာ..

- ဆရာဝန်များ၊ သူနာပြုများ၊ အရိုးအကြောအဆစ်ကုဆရာဝန်များ၊ စကားပြောကုထုံးပညာရှင်များ၊ အစားအသောက်ဆိုင်ရာကျွမ်းကျင်သူများ၊ လုပ်ငန်းခွင်ကုထုံးပညာရှင်များနှင့်/ သို့မဟုတ်စိတ်ပညာရှင်တို့နှင့်(ပြင်ပလူနာအနေဖြင့်)ချိန်းဆိုမှုများကိုလိုက်နာဆောင်ရွက်ရပါမည်။

- ဆက်လက်သောက်သုံးရမည့်ဆေးဝါးများ။ ဆေးဝါးများတွင် သောက်သုံးစားသုံးရန်၊ ပဋိဇီဝဆေးများ၊ နာကျင်မှုကိုသက်သာစေသည့်ဆေးများသို့မဟုတ်အခြားသောဆေးဝါးအသစ်များပါဝင်နိုင်သည်။ လိုအပ်ပါကနေအိမ်ကိုကိုဆေးရုံအဖြစ်ပြောင်းပေးခြင်းအစီအစဉ်ဖြစ်သည့် (HiTH)အဖွဲ့သည်သင့်အိမ်သို့လာရောက်ကာ သင့်ကလေးကို IV ပဋိဇီဝဆေးများပေးဆောင်တိုက်ကြွေးရန်နေ့စဉ်သင့်ထံသွားရောက်လည်ပတ်မည်ဖြစ်သည်။ ဆေးသောက်သုံးရန်ကြာချိန် နှင့် ထောက်ပံ့ရေးပစ်စည်းများကိုမည်ကဲ့သို့ရယူရမည်ကိုသင့်ကလေးဆေးရုံမှမဆင်းခင်ကတည်းကဆေးရုံဝန်ထမ်းများကသင်တို့ကိုဆွေးနွေးသွားမှာဖြစ်ပါသည်။
- အချို့သောကလေးများတွင်ပုံမှန်ဆေးလိမ်းရန်လိုအပ်သည့် ဒါဏ်ရာများရှိမည်။ လိုအပ်ပါကသူနာပြုတစ်ဦးသည် အိမ်သို့ ရက်အနည်းငယ်ကြာတိုင်း ရောက်ရှိလာပြီးအဆိုပါဒါဏ်ရာများကို ဆေးကြောကာ ဆေးထည့်ပေးမည်ဖြစ်ပါသည်။
- အချို့သောကလေးများသည် ပြန်လည်ကောင်းမွန်သက်သာလာခြင်းမရှိပဲ ရာသက်ပန်မသန်မစွမ်းဖြစ်သွားနိုင်ပါသည်။ ရပ်ရွာကျန်းမာရေးစောင့်ရှောက်မှုပေးသူများထံမှ ရေရှည်ပံ့ပိုးကူညီမှုများကို သင်လိုအပ်လာမှာဖြစ်ပါသည်။ ဤအရာများအားလုံးကို ဆေးရုံ့ဆင်းရန်ခွင့်ပြုသည့်အဖွဲ့မှ စီစဥ်ဆောင်ရွက်ပေးမှာဖြစ်ပါသည်။
- အချို့ကလေးများသည် အိမ်ပြန်ရောက်သည့်အခါ အားနည်းခြင်း၊ မောပန်းနွမ်းနယ်ခြင်းနှင့် ကိုယ်ခံအားလျှော့နည်းခြင်း စသည်တို့ဖြစ်ပါသည်။ အိမ်ပြန်ရောက်ချိန်အနားယူဖို့လိုအပ်သည်ဟုဆိုလိုခြင်းဖြစ်ပါသည်။

အချို့ကလေးများသည်ဖိုး(စ်)ဆက်(ပ်)ဆီ(စ်)မန်းတက်ခြင်းရောဂါ  လက်ခဏာများဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ပြသာနာများကို ကြာရှည်စွာ ကြုံတွေ့ခံစားရပါသည်။ ကျွန်တော်တို့သည်လည်း ဒီရောဂါ အကြောင်းကို ကလေးသူငယ်များ၌ သင်ယူနေကြတုန်းပင်ဖြစ်သည်။

ဖိုး(စ်)ဆက်(ပ်)ဆီ(စ်)မန်းတက်ခြင်း ရောဂါလက္ခဏာများသည်..

- ခေါင်းကိုက်ခြင်း သို့မဟုတ် အခြားနာကျင်မှု

- အစာစားချင်စိတ် ပြောင်းလဲခြင်း
- ပုံမှန်ထက် ပိုမိုပင်ပန်း နွမ်းနယ်ခြင်း
- အိပ်စက်ချိန်အပြောင်းအလဲရှိပြီးအိပ်ရခက်ခဲခြင်း
- ကြွက်သားများအားနည်းခြင်း
- အမူအကျင့်ပြောင်းလဲမှုရှိခြင်း
- အာရုံစူးစိုက်ရန်ခက်ခဲခြင်း
- ဆေးဖက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်ကျန်းမာရေးဝန်ထမ်းများကို ကြောက်ရွံ့မှုဖြစ်လာခြင်း

မိသားစုများသည် ၎င်းတို့၏ကလေးတွင်ဆက်(ပ်)ဆီ(စ်)မန်းတက်ခြင်းရောဂါကို တွေ့ကြုံခြင်းကြောင့်စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများရှိနိုင်သည်။ ၎င်းသည်လပေါင်းများစွာကြာသည်အထိ ထင်ရှားပေါ်လွင်နိုင်မည်မဟုတ်သော်လည်း၊ ဤသူများသည်သူငယ်ချင်းများ၊ မိသားစုများ သို့မဟုတ် ကျွမ်းကျင်တတ်မြောက်သူတစ်ဦးတစ်ယောက်မှထောက်ပံ့မှုများလိုအပ်နိုင်ပါသည်။

## PCH ဖိုး(စ်)ဆက်(ပ်)ဆီ(စ်)မန်းတက်ခြင်းရောဂါဖြစ်ပြီးနောက်ပိုင်း စောင့်ရှောက်မှုအစီအစဉ်

သင်နှင့်သင့်မိသားစုကို ကူညီရန် ဖတ်မြို့မှာရှိတဲ့ကလေးဆေးရုံ(PCH)မှဆက်သွယ်လာပါမည်။ ဆေးရုံမှဆင်းပြီးတဲ့နောက်ပိုင်း သူတို့က
သင်တို့၏စောင့်ရှောက်မှုလမ်းညွှန်ပေးသူဖြစ်လာမည်ဖြစ်သည်။
သင့်ကလေးပြန်လည်ကောင်းမွန်လာမှုကိုစောင့်ကြည့်ရန်နှင့် ဆေးရုံဆင်းပြီးနောက် သင်နှင့်သင့်ကလေးအား ပံ့ပိုးကူညီရန် Telehealth (တယ်လီဖုန်း) မှတစ်ဆင့် လစဉ် ရက်ချိန်းများကိုစီစဉ်ပေးမည်ဖြစ်သည်။
သင့်ကလေးရဲ့လက်ရှိအခြေအနေကိုမေးထားတဲ့မေးခွန်းအချို့နဲ့အတူ တယ်လီဖုန်းနဲ့ရက်ချိန်းတစ်ခုစီကို ချိန်းထားတဲ့ရက်မတိုင်မှီSMS-link (ဖုန်းမေ့ဆေ့-လင့်ခ်) တစ်ခုပို့ပေးပါလိမ့်မယ်။

## ကျွန်တော်/မတို့ကလေး ဆက်(ပ်)ဆီ(စ်) မန်းတက်ခြင်းရောဂါ ပြန်ဖြစ်နိုင်ပါသလား?

ကလေးအများစုသည် နောက်တစ်ကြိမ် ရောဂါပိုးမကူးစက်နိုင်သော်လည်း ထပ်မံဖြစ်ပွားနိုင်ခြေအနည်းငယ်ရှိပါသည်။ ကလေးသူငယ်များတွင် ပြန်လည်ကူးစက်နိုင်ခြေပိုများနိုင်သည်။ ဒါဟာဆက်(ပ်)ဆီ(စ်) မန်းတက်ခြင်းရောဂါ ကြောင့်ခန္ဓာကိုယ်ရဲ့ခုခံအားစနစ်အပြောင်းအလဲကြောင့်ဖြစ်ပါသည်။

**သင့်ကလေးသည်ပုံမှန်ထက်ပိုဖျားနေပါက အရေးပေါ်ဆေးကုသမှုကိုအမြန်ဆုံးခံယူပြီး သင့်ကလေး ယခင်ကဆက်(ပ်)ဆီ(စ်)မန်းတက်ခြင်းရောဂါဖြင့် ဖျားနာဖူးကြောင်း ဆေးကုသမည့်အဖွဲ့ကိုပြောပြပါ။**

## အနာဂါတ်မှာဆက်(ပ်)ဆီ(စ်)ရောဂါပိုးမှကာကွယ်ရန်လုပ်ဆောင်နိုင်သည့်အရာများ။

- လက်ကို ဆပ်ပြာနှင့် ရေဖြင့် ဆေးကြောခြင်းကဲ့သို့သော အခြေခံတစ်ကိုယ်ရေ သန့်ရှင်းမှု အစီအမံများကို လုပ်ဆောင်ပါ။
- သင့်ကလေး၏ အသက်အရွယ်အလိုက် ကာကွယ်ဆေးများ ထိုးထားခြင့်သည် မှန်ကန်မှုရှိရမည်။
- အင်းဆက်ပိုးမွှားကိုက်ခံရခြင်းနှင့် အရေပြားဒါဏ်ရာများကိုဂရုပြုပါ။ မသက်သာပါက သို့မဟုတ် အနီ၊ ပူပြီး ရောင်ရမ်းနေပါက သင့်မိသားစုဆရာဝန်နှင့်ပြသပါ။
- သင့်ကျောင်း၊ မိသားစုဆရာဝန်၊ ကလေးကျန်းမာရေးသူနာပြုနှင့် အခြားကျန်းမာရေးပညာရှင်များကို သင့်ကလေးတွင် ဆက်(ပ်)ဆီ(စ်)မန်းတက်ခြင်းရောဂါရှိနေကြောင်းကိုပြောပြပါ။
- ရောဂါလက္ခဏာများကိုသတိထားပါ။ ဘာလုပ်ရမည်ဆိုတာကို မှန်မှန်ကန်ကန် ဆုံးဖြတ်ပါ။ သင့်ကလေးအကြောင်း သင်သာလျှင်အသိဆုံးဖြစ်ပါသည်။ ကလေးသူငယ်များ ဟာ ပုံမှန်ထက် ပိုဖျားနေပါကအမြန်ဆုံးဆေးရုံသွားပြီး ဆေးကုသမှုခံယူပါ။ ဒီဖျားနာမှုကဆက်(ပ်)ဆီ(စ်)မန်းတက်ရောဂါလားဆိုတဲ့မေးခွန်းမေးပါ။

## အသုံးဝင်သောအဆက်အသွယ်များ

- သင့်ကလေး ဆေးရုံသို့လာပြပြီးနောက် သင့်ကလေးအတွက် ပံ့ပိုးကူညီမှု လိုအပ်ပါက၊ သို့မဟုတ် စိုးရိမ်ပူပန်နေပါက၊ ၎င်းသည် အရေးပေါ်အခြေအနေမဟုတ်ပါက၊ ကျေးဇူးပြု၍ CAHS Sepsis Program (pch.sepsis@health.wa.gov.au) သို့ဆက်သွယ်ပါသို့မဟုတ် သင့်မိသားစုဆရာဝန်ထံ ဆက်သွယ်ပါ သို့မဟုတ် သင့်မှာသက်ဆိုင်ရာ ကဏ္ဍများကို ဆွေးနွေးရန်ရှိပါက သင်၏နောက်ပိုင်း ဆေးရုံရက်ချိန်းများ၌ဆွေးနွေးပါ။

- သင့်ကလေးသောက်သုံးနေသည့် ဆေးဝါးနှင့်ပါက်သက်သည့် နောက်ထပ်အချက်အလက်များကို သင်လိုအပ်ပါက PCH ဆေးဝါး သတင်းအချက်အလက် ဝန်ဆောင်မှု (PCH.PharmacyMedicines InformationService@health.wa.gov.au) သို့ဆက်သွယ်ပါ။
ဆေးဝါးပညာရှင်တစ်ဦးက သင့်ကိုတစ်ရက်အတွင်း ကြိုးစားဆက်သွယ်လာပါလိမ့်မယ်။
**အကယ်၍ သင်ကအမြန်ဆက်သွယ်လိုလားအပ်ပါက ၀၈ ၆၄၅၆ ၀၁၉၀ ကိုခေါ်ပြီး နံပါတ် ၁ ကို ပြန်နှိပ်ပါ။**
ဤဝန်ဆောင်မှုကို နံနက် ၈း၃၀ မှ ညနေ ၅း၀၀ နာရီအထိ၊ တနင်္လာနေ့မှ သောကြာနေ့အထိ ဖွင့်လှစ်ထားပြီး သင့်ကလေး၏ဆေးဝါးများနှင့်ပတ်သက်ပြီး မေးစရာများရှိပါက ဆေးဝါးပညာရှင်များမှ ကူညီဆောင်ရွက်ပေးပါမည်။

• တနည်းအားဖြင့် သင့်ဒေသခံ ဆေးဆိုင်၊ GP သို့ သွားရောက်ပါ၊ CAHS sepsis ပရိုဂရမ် သို့မဟုတ် သင်၏ ဆင်းသက်ရေးအဖွဲ့ကို ဆက်သွယ်ပါ။

- အကယ်၍သင်သည် ဆက်(ပ်)ဆီ(စ်)မန်းတက်ရောဂါ၏လက်ခဏာများနှင့် လက်ခဏာများဆိုင်ရာ အချက်အလက်များကိုပိုမိုသိရှိလိုပါက ဆက်(ပ်)ဆီး(စ်)မန်းတက်ခြင်းရောဂါ မိသားစုစာမျက်နှာ https://pch.health.wa.gov.au/For-patients-and-visitors/Sepsis သို့မဟုတ်အထက်ပါ QR Code ကိုစကင်န်ဖတ်ပါ။

Government of **Western Australia**
**Child and Adolescent Health Service**

Consumer Approved

**Child and Adolescent Health Service**
15 Hospital Avenue, Nedlands, WA, 6009.
Telephone: (08) 6456 2222
Produced by: Sepsis
Ref: 1741.2 © CAHS 2024

မသန်စွမ်းသူများအတွက်တောင်းဆိုမှုအရဤစာရွက်စာတမ်းကိုအခြားဖောမတ်စ်များဖြင့်ရရှိနိုင်ပါသည်။

**ရှင်းလင်းချက်း** ဤထုတ်ပြန်မှုသည်အထွေထွေပညာရေးနှင့်သတင်းအချက်အလက်အတွက်ရည်ရွယ်ပါသည်။ လိုအပ်သောဆေးဘက်ဆိုင်ရာအကြံညဏ်များအတွက်အရည်အချင်းပြည့်မီသောကျန်းမာရေးစောင့်ရှောက်မှုကျွမ်းကျင်သူထံဆက်သွယ်ပါ။
@အနောက် ဩစတေးလျ ပြည်နယ်၊ကလေးနှင့်ဆယ်ကျော်သက်ကျန်းမာရေးဝန်ဆောင်မှု။